မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910 E-mail : blcsan@ksc.th.com; Website : www. blc-burma.org

## ဖွန် ၆ အထွေထွေ အလုပ်သမား သပိတ်ကြီး အထိမ်းအမှတ် သုံးသပ်ထုတ်ပြန်ချက်

မဆလ တပါတီအာဏာရှင်စနစ်ကို ဖြိုဖျက်ပစ်ရန် ၁၉၇၄ ခုနှစ် ဖွန် ၆ အထွေထွေအလုပ်သမား သပိတ်ကြီးဖြင့် တိုက်ပွဲဝင်ခဲ့သည်မှာ (၃၆) နှစ်ပြည့်ပြီ ဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ၁၉၄၆ ခုနှစ် စက်တင်ဘာ အထွေထွေအလုပ်သမား သပိတ်ကြီး ဆင်နွှဲခဲ့ရသကဲ့သို့ ယနေ့လိုအပ်ချက်အရ နအဖ စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်ပစ်ရန် အထွေထွေအလုပ်သမား သပိတ်ကြီး ပေါ်ပေါက်နိုင်ရေး လိုအပ်ချက်များကို ပြင်ဆင်ရပါမည်။

ဖွန် ၆ အထွေထွေအလုပ်သမားများက ဆန်လုံလောက်စွာ ရရှိရေး၊ ကုန်ဈေးနှုန်း ကျဆင်းရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ခ လစာတိုးမြှင့်ပေးရေး၊ မဆလ ပြည်သူ့အလုပ်သမားကောင်စီ ဖျက်သိမ်းရေး၊ အလုပ်သမားသမဂ္ဂများ ထူထောင်ရေးတို့ကို တောင်းဆိုဆန္ဒပြခဲ့ကြသည်။ တည်ငြိမ်အေးချမ်းစွာ ဆန္ဒပြသူ အလုပ်သမားများအား စက်ရုံအလုပ်ရုံအတွင်းဝင်ရောက်ကာ မဆလ အစိုးရက ပစ်သတ်ခဲ့သည်။ မဆလ အစိုးရက ၂၃ ဦးသေဆုံး၊ ၆၄ ဦး ဒဏ်ရာရသည်ဟု ဖော်ပြသည်။ အလုပ်သမားခေါင်းဆောင် ၁၄၇ ဦးအား ထောင်ဒဏ် ၇ နှစ်မှ ၁၅ နှစ်ထိ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုကြီးကို မဆလ အစိုးရ ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။ ဤသမိုင်းမှတ်တမ်းများကို မည်သည့် စစ်အာဏာရှင်စနစ်ကမှ ဖျောက်ဖျက်ပစ်၍ ရမည်မဟုတ်ပါ။

ယခု နအဖ စစ်အာဏာရှင်အစိုးရ လက်ထက်တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ရာနှုန်းပြည့်လက်ခံပြီး၊ စစ်အုပ်စု နိုင်ငံပိုင်စီးပွားရေး ဥပဒေဖြင့် စီးပွားရေး ဦးပိုင်လီမီတက်လို စစ်အုပ်စုပိုင် ကုမ္ပဏီများက ဘယ်ခေတ်ကနင့်မှ မတူသည့် အလုပ်သမားတို့၏ လုပ်အားခ မတရားခေါင်းစုတ်မှုကို ကျူးလွန်နေသည်။ ထိုင်း၊လာအို၊ ကမ္ဘောဒီးယားနိုင်ငံရှိ စက်မှုဇုန် အလုပ်သမားများတွင် တလကို ဒေါ်လာ (၁၀၀-မှ ၁၂၀) လောက်ရနေချိန်တွင် ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ မြန်မာနိုင်ငံ ရှိ စက်မှုဇုန်အလုပ်သမားများမှာမူ တလကို ဒေါ်လာ (၂၀ မှ ၃၀) လောက်သာ ရနေသည်ကို ဘရပ်ဆဲညီလာခံမှတ်တမ်းအရ တွေ့ရှိရသည်။ လှိုင်သာယာမြို့နယ် တိုင်ရီဖိနပ်စက်ရုံရှိ အလုပ်သမားများ၏ လုပ်ခလစာတိုးမြှင့်ပေးရန်အတွက် တောင်းဆိုချက် (၁၀) ချက်အား ထောက်ခံပါသည်။ အလုပ်သမားထု တရပ်လုံး၏ လုပ်ခ လစာအား အပြည့်အဝရရှိရေးအတွက် ဆက်လက်တိုက်ပွဲဝင်ရန် လိုအပ်ပါသည်။

နအဖ စစ်အုပ်စု အုပ်စိုးလွှမ်းမိုးနေသည့် ကာလတလျှောက်လုံးတွင် လုပ်အားခမပေးဘဲ အတင်းအဓမ္မ မတရားခိုင်းစေမှုများ ၊ လုပ်ခ လစာ အလွန်နိမ့်ကျပြီး လုပ်အားခေါင်းပုံဖြတ် ခေါင်းစုတ်ခံရမှုများ၊ လူမှုဖူလုံရေး အခြေခံလူ့အခွင့်အရေးများ အားလုံးဆုံးရှုံးခံနေရသည့် အဖြစ်ဆိုးများနှင့် နေ့စဉ်ရက်ဆက်ကြုံတွေ့ ဒုက္ခခံနေကြရသည်။ နအဖ စစ်အုပ်စု အကျိုးစီးပွားသက်သက်အတွက် အလုပ်သမားထုတရပ်လုံး စစ်ကျွန်ပြုခြင်း ခံနေရသည်။ မိမိတို့ အသက်ရှင်ရပ်တည်ပိုင်ခွင့်အတွက် လုပ်ခ လစာ အပြည့်အဝရရှိရေးတိုက်ပွဲကို ဆက်လက်ဆင်နွှဲရန်လိုအပ်ပါသည်။

အလုပ်သမားတိုက်ပွဲအတွင်း ကျဆုံးသွားသော အာဇာနည် ရဲဘော်အပေါင်းအား ဦးညွှတ်ကာ အလေးပြုပါသည်။ နအဖ စစ်ကျွန်ဘဝမှ လွတ်မြောက်အောင် ဂျွန် ၆ စိတ်ဓါတ် ထူထောင်ရပါမည်။ အလုပ်သမားတိုက်ပွဲ

တိုင်း အောင်မြင်ရန်လိုအပ်ချက်များကို မမိုတ်မသုန်ဖြည့်ဆည်း ပါဝင်ဆောင်ရွက်သင့်ပါကြောင်း နှိုးဆော်သုံးသပ် ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
ဥပဒေရေးရာသုံးသပ်ရေးဌာန

အသေးစိတ်သိရှိလိုပါလျှင် -
ဦးမျိုး
တာဝန်ခံ၊ ဥပဒေရေးရာ သုံးသပ်ရေးဌာန
ဖုန်း - ၀၈၆၂၁၆၀၁၀၈
၄.၆.၂၀၁၀